## ကုမ္ပဏီအကြောင်း

GGI သည် ၂၀၁၃ ခုနှစ်ကစပြီး မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်မှာ ဂုဏ်သိက္ခာအရှိဆုံးဆိုတဲ့ နာမည်တစ်ခုကို တည်ဆောက်နိုင်ခဲ့တဲ့ အာမခံကုမ္ပဏီတစ်ခုပါ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ လူတစ်ဦးတစ်ယောက်ချင်းစီနဲ့ စီးပွားရေးလုပ်ငန်းတွေရဲ့ ငွေကြေးကိစ္စရပ်တွေ အဆင်ပြေချောမွေ့နေစေဖို့အတွက် အကာအကွယ်ပေးမယ့် အာမခံလုပ်ငန်းတွေကို လိုအပ်လာတယ်လို့ GGI က ထင်မြင်သုံးသပ်မိပါတယ်။ ဒါကြောင့် GGI အနေနဲ့ လူကြီးမင်းတို့ တန်ဖိုးအထားရဆုံးအရာတွေကို အကာအကွယ်ပေးမယ့် အထူးအာမခံဝန်ဆောင်မှုတွေပေးစွမ်းဖို့ ကြိုးစားနေတဲ့အတွက် လူကြီးမင်းတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်ဖို့ ယုံကြည်ချက်ကိုလည်း ရရှိစေမှာပါ။

GGI သည် ၂၀၁၉ ခုနှစ်မှာ ဂျပန်နိုင်ငံရဲ့ အာမခံလုပ်ငန်းဦးဆောင်ကုမ္ပဏီတစ်ခုဖြစ်တဲ့ Tokio Marine နဲ့ လက်တွဲလိုက်ပြီ ဖြစ်ပါတယ်။ ထိုကဲ့သို့ ဂုဏ်သိက္ခာရှိပြီး အရည်အသွေး ပြည့်ဝတဲ့ ကုမ္ပဏီနဲ့ အတူတကွ လက်တွဲလုပ်ဆောင်ရတဲ့အတွက် GGI အနေနဲ့များစွာ ဂုဏ်ယူရပါတယ်။ Tokio Marine ရဲ့ နိုင်ငံတကာအတွေ့အကြုံနဲ့ ကျွန်ုပ်တို့ရဲ့ ပြည်တွင်းလုပ်ငန်းနဲ့ မြန်မာပြည်သူလူထု အကြောင်း သိနားလည်မှုတို့ ပေါင်းစပ်ပြီး မြန်မာနိုင်ငံရဲ့ အာမခံဈေးကွက်မှာ ထူးခြားပြီး အရည်အသွေးမြင့်တဲ့ အာမခံဝန်ဆောင်မှု အမျိုးအစားအသစ်တွေကို ဆောင်ရွက်ပေးနိုင်ဖို့အတွက်လည်း များစွာစိတ်လှုပ်ရှားမိပါတယ်။

## ဆက်သွယ်ရန်


**ရုံးချုပ်လိပ်စာ**
အမှတ် (၁၉/၂၀)၊ A, B, C, D
Junction Square ဝင်းအတွင်း၊
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်တိုင်း ဒေသကြီး။

ဖုန်း : ၀၁ ၂၃၉၉ ၇၇၇
အီးမေးလ် : info@ggitokiomarine.com
ဝက်ဘ်ဆိုက် : www.ggitokiomarine.com


GGI TOKIO MARINE
အထွေထွေအာမခံ



# မီး အာမခံ

လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ

# မီးဘေးအန္တရာယ်ကြောင့် ပူပင်သောကဖြစ်စရာ မလိုတော့ပါ

မီးဘေးအန္တရာယ်ဆိုတာ အချိန်မရွေးဖြစ်ပွားနိုင်ပြီး မိမိအိုးအိမ်ပစ္စည်း ဥစ္စာနှင့် ပိုင်ဆိုင်မှုများကို အကြီးအကျယ် ထိခိုက်ပျက်စီးစေနိုင်သလို စိတ်သောကလည်း အလွန်များရပါတယ်။ မီးဘေးဒဏ်သင့်တဲ့အခါမှာ နောက်ဆက်တွဲဆိုးကျိုးတွေကို ဘယ်သူကမှ တစ်ယောက်တည်း ရင်မဆိုင်လိုကြပါဘူး။ သင့်အနေနဲ့ ပြန်လည်ထူထောင်ဖို့ အစီအစဉ် လိုအပ်ပြီး ကျွန်ုပ်တို့ရဲ့ မီးအာမခံက သင့်အစီအစဉ်ကို အကောင် အထည်ဖော် ဆောင်ရွက်ပေးမှာပါ။

မီးအာမခံဆိုတာ သင်၊ သင့်အိမ်နဲ့ သင့်ပိုင်ဆိုင်မှုတွေကို ထိန်းချုပ်မရတဲ့ မီးရဲ့ ဖျက်ဆီးမှုဒဏ်ကနေ ကာကွယ်ဖို့ အကောင်းဆုံးနည်းလမ်းပါပဲ။ မီးဘေးကြောင့် တွေ့ကြုံရမယ့် ငွေကြေးအခက်အခဲတွေကို သင်တစ် ယောက်တည်း ရင်ဆိုင်တာထက်စာရင် ကျွန်ုပ်တို့ရဲ့ အကူအညီကို ယုံယုံကြည်ကြည် ရယူလိုက်ပါ။ အကောင်းဆုံးသော ဝန်ဆောင်မှုတွေ၊ ၂၄နာရီလုံး အချိန်ပြည့် ဆက်သွယ်နိုင်တဲ့ ဖုန်းလိုင်းတွေနဲ့ သင့်ခြေ လှမ်းတိုင်းအတွက် ကူညီပေးဖို့ အသင့်ပါ။

## ဝန်ဆောင်မှုများ

မီးဘေးအန္တရာယ်နဲ့ ကြုံတွေ့ရတဲ့အခါမှာ ထိခိုက် ပျက်စီးသွားတဲ့ အိုးအိမ်ပစ္စည်းတန်ဖိုးကို အပြည့် ပြန်ပေးမှာဖြစ်ပါတယ်။ သင့်ပိုင်ဆိုင်မှုတွေနဲ့ အိမ်ခြံ မြေကို ထိခိုက်စေနိုင်တဲ့တခြားသော သဘာဝဘေး အန္တရာယ်တွေကနေလည်း အာမခံထားနိုင်ပါတယ်။ GGI Tokio Marine က အာမခံကြေးထုတ်ပေး တဲ့ လုပ်ဆောင်မှုကို မြန်မြန်ဆန်ဆန် ဆောင်ရွက် ပေးတာမို့ သင့်အနေနဲ့ ပြန်လည်ထူထောင်ရေး လုပ်ငန်းကိုအမြန်ဆုံး စတင်ဆောင်ရွက်နိုင်မှာပါ။

အဲဒါတွေတင်မကဘဲ ဒီပေါ်လစီက မီးအန္တရာယ် ကြောင့်ဖြစ်တဲ့ ထိခိုက်ပျက်စီးမှုမှန်သမျှ အတွက် အကျုံးဝင်ပါတယ်။ မီးသတ်ပြီးနောက် ရေကြောင့် ထိခိုက်ပျက်စီးမှု၊ ပစ္စည်းအပြောင်းအရွှေ့ကြောင့်ထိခို က်ပျက်စီးမှုနဲ့ အရေးပေါ် ဝန်ဆောင်မှုများကြောင့် ထိခိုက်ပျက်စီးမှုတွေအတွက်ပါ လျော်ကြေးပေးမှာ ဖြစ်တဲ့အတွက် မီးအန္တရာယ်ကြောင့်ဖြစ်တဲ့ ထိခိုက် မှုမှန်သမျှအတွက် စိုးရိမ်စရာ မလိုတော့ပါဘူး။

## အဓိက အကျိုးခံစားခွင့်များ

- မီးကြောင့် အိုးအိမ်ပစ္စည်း ထိခိုက်ပျက်စီးမှုအတွက် လျော်ကြေးပေးခြင်း။
- ရေသို့မဟုတ် မီးသတ်ပစ္စည်းကြောင့် အိုးအိမ်ပစ္စည်း ထိခိုက်ပျက်စီးမှုအတွက် လျော်ကြေးပေးခြင်း။
- မီးလောင်နေသော အဆောက်အဦမှ ပစ္စည်းများကို သယ်ထုတ်စဉ် ထိခိုက်ပျက်စီးမှုအတွက် လျော်ကြေး ပေးခြင်း။
- မီးပိုကြီးမလာစေရန် မီးသတ်ဝန်ထမ်းများက ထိန်းချုပ် ရာမှ ထိခိုက်ပျက်စီးမှုအတွက် လျော်ကြေးပေးခြင်း။

